# ပုဂံခေတ်မြန်မာဘာသာစကားရှိ ဝိဘတ်အသုံး
# (ဘာသာဗေဒလေ့လာချက်)

ပါရဂူ (PhD) ဘွဲ့အတွက်တင်သွင်းသောကျမ်း


မတင်နုအောင်

မြန်မာစာဌာန
ရန်ကုန်တက္ကသိုလ်



၂၀၀၆–ခုနှစ်၊ မတ်လ

# ကျမ်းအကျဉ်းချုပ်

မြန်မာဘာသာစကား၏ အရေးအကြီးဆုံး ဝါစင်္ဂတစ်မျိုး ဖြစ်သည့် ဝိဘတ်အကြောင်း လေ့လာသည့် ကျမ်း ဖြစ်ပါသည်။ အေဒီ ၁၃-၁၄ ရာစုဝန်းကျင် ပုဂံခေတ်က ရေးထိုးခဲ့သည့် မြန်မာကျောက်စာတို့မှ ဝိဘတ်အသုံးတို့ကို လေ့လာစိစစ် တင်ပြထားပါသည်။

အခန်း ၁ တွင် ဘာသာစကားနှင့် သဒ္ဒါအကြောင်း မိတ်ဆက်တင်ပြထားပြီး ပုဂံခေတ် မြန်မာ ဘာသာစကားစနစ်ကို ပုဂံကျောက်စာများ၌ လေ့လာနိုင်ကြောင်း၊ ပုဂံကျောက်စာများမှ ဝိဘတ်တို့၏ အခန်းကဏ္ဍ၊ ဤကျမ်းတွင် အသုံးပြုမည့်သီအိုရီသဘောတရား၊ ဘာသာဗေဒအဆင့်များ ခွဲခြား လေ့လာပုံ၊ အလေ့လာခံကျောက်စာများ စသည်တို့ကို တင်ပြထားပါသည်။

အခန်း ၂ တွင် မြန်မာဝိဘတ်အမျိုးအစားများနှင့် ယင်းတို့ကို နာမ်ဝိဘတ်၊ ကြိယာ ဝိဘတ်၊ နာမ်-ကြိယာဝိဘတ်ဟူ၍ သုံးမျိုး ခွဲခြားလေ့လာနိုင်ပုံကို အဓိပ္ပာယ်ဖွင့်ဆိုချက်များ၊ သာဓကရှင်းလင်း ချက်များဖြင့် တင်ပြထားပါသည်။

အခန်း ၃ တွင် နာမ်ဝိဘတ်များအကြောင်း တင်ပြထားပါသည်။ နာမ်ပုဒ်နှင့် ယှဉ်လျက် တွေ့ရ သည့် ဝိဘတ်များသည် မြန်မာဝါကျဖွဲ့ပုံအတွက် မည်မျှအရေးပါကြောင်းနှင့် ၎င်းတို့၏ သဒ္ဒါတာဝန်များ ဖြစ်သော ကတ္တား၊ ကံ၊ လက်ခံပြ၊ အချိန်ပြ၊ နေရာပြ စသည်တို့ကိုလည်း သာဓကများ၊ သရုပ်ဖော်ပုံများ ဖြင့် လေ့လာတင်ပြထားပါသည်။

အခန်း ၄ တွင် ကြိယာဝိဘတ်များအကြောင်း တင်ပြထားပါသည်။ ကြိယာနှင့် ယှဉ်လျက် တွေ့ ရသည့် ဝိဘတ်များသည် ဝါကျကြီးတစ်ခုလုံးကို အဆုံးသတ်ပေးကာ ထိုဝါကျ၏ အချိန်ကာလနှင့် အမျိုး အစားကို ဝေဖန်ပိုင်းခြားပြနိုင်ကြောင်း လေ့လာတင်ပြထားပါသည်။ အမှီဝါကျခွဲ ဝိဘတ်၌လည်း ဝါကျခွဲများကို ချိတ်ဆက်ပေးသည့် တာဝန်မျှမကဘဲ ဆန့်ကျင်ပြ၊ အကြောင်းပြ၊ အကျိုး မျှော်ပြစသည့် သဒ္ဒါတာဝန်များ ရှိပုံကို လေ့လာစိစစ်တင်ပြထားပါသည်။

အခန်း ၅ တွင် နာမ်နှင့် ကြိယာ နှစ်မျိုးလုံးနှင့် ယှဉ်ကပ်သုံးစွဲရသည့် ဝိဘတ်များကို လေ့လာ တင်ပြထားပါသည်။ ဘာသာဗေဒအဆင့်ကိုလိုက်၍ မတူညီသည့် အနက်အဓိပ္ပာယ်နှင့် တာဝန်များ ရှိပုံ ကို နှိုင်းယှဉ်လေ့လာထားပါသည်။

အခန်း ၆ တွင် ခြုံငုံသုံးသပ်ချက်ကို တင်ပြထားပါသည်။

ကျမ်း၏ အဆုံးတွင် နိဂုံး၊ ညှိနှိုင်းကိုးကားသော မြန်မာနှင့် အင်္ဂလိပ် ကျမ်းစာရင်း၊ အက္ခရာစဉ် အညွှန်းတို့ကို တင်ပြထားပါသည်။